၂၀၂၀ ပြည့်နှစ်၊ မတ် လ ၂၆ ရက်

# ကြော်ငြာခြင်း

- ကော်မရှင်မှထုတ်ပြန်သည့် အမိန့်ကြော်ငြာစာ၊ အမိန့်ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများနှင့် ကိုက်ညီမှုမရှိပါက မိမိ၏လုပ်ငန်းကို ကြော်ငြာခြင်းမပြုရ၊ (နည်းဥပဒေ ၄၈ (ဆ)၊ အမိန့်ကြော်ငြာစာ ၂/၂၀၁၆)
- တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေလှည့်ဖြားသော၊ လိမ်လည်သော၊ အထင်အမြင်မှားစေသော ကြော်ငြာမှုနည်းလမ်းဖြင့် မည်သည့်တင်ပြမှုကိုမျှ မပြုလုပ်ခြင်းနှင့် ကြော်ငြာရာတွင် ကော်မရှင်မှ သတ်မှတ်ပေးထားသည့် စည်းကမ်းချက်များကို လိုက်နာဆောင်ရွက်ရမည်။ (နည်းဥပဒေ ၆၈ (က))

## အခြေခံစည်းမျဉ်း စည်းကမ်းများ

ငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီတစ်ခု၏ ကြော်ငြာခြင်းဆိုသည်မှာ ငွေချေးသက်သေခံလက်မှတ်များအပေါ် ရင်းနှီးမြှုပ်နှံရန်အတွက် ဆွဲဆောင်မှုပြုရန် စတင်ဆောင်ရွက်ခြင်း ဖြစ်ပါသည်။ ငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီသည် လုပ်ငန်းနှင့်ဆက်သွယ်ဆောင်ရွက်သူများ၏ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာဆုံးဖြတ်ချက်များအပေါ် ထင်ယောင်ထင်မှား မဖြစ်စေရန် ဌာနတွင်းလိုက်နာရမည့် စည်းမျဉ်းစည်းကမ်းများအား ရှင်းလင်းတိကျစွာ သတ်မှတ်ထားရမည်။

## ကြီးကြပ်စစ်ဆေးရန် ပထမအချက် – ကြော်ငြာအထောက်အကူပြုပစ္စည်းများ/ အရာများ

- သီးခြားသတ်မှတ်ထားသော အထောက်အကူပြုပစ္စည်းများသည် အမှန်တကယ် ကြော်ငြာအထောက်အကူပြုပစ္စည်းများ ဖြစ်ကြောင်း ဆုံးဖြတ်ရာတွင် အခြေခံစည်းမျဉ်း စည်းကမ်းပါ ဖော်ပြချက်များအရ ကိစ္စရပ်တစ်ခုချင်းစီ၏ အထောက်အကူပြု ပစ္စည်းများ၏ သီးခြားပါဝင်မှုများအပေါ် အခြေခံ၍ ဆုံးဖြတ်ရမည်။
- အခြားအဖွဲ့အစည်း၏ အမည်ဖြင့် ပြုလုပ်ထားသည့် ကြော်ငြာပစ္စည်းများကို ငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီ၏ ကြော်ငြာဖြင့် အသုံးပြုလိုပါက ယင်းကြော်ငြာပစ္စည်းများကို ကုမ္ပဏီ၏ ကြော်ငြာပစ္စည်းများအဖြစ် သတ်မှတ်ရမည်။
- ကြော်ငြာအဖြစ်အသုံးပြုမည့် အထောက်အကူပြုပစ္စည်းများတွင် စာဖြင့်ရေးသားထားချက်များ၊ ဝက်ဘ်ဆိုဒ်များ၊ ဆိုရှယ်မီဒီယာများ၊ အီးလ်မေးလ်များ၊ လက်ကမ်းကြော်ငြာများနှင့် အခြားသော အထောက်အကူပြုပစ္စည်းများသည် အများပြည်သူသို့ သတင်းအချက်အလက်များ ဖြန့်ဝေရန်ရည်ရွယ်ခြင်း ဖြစ်ရမည်။

- ငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီသည် စိစစ်မထားသည့် ကြော်ငြာရန်ပစ္စည်းများ/ အရာများ ဖြန့်ဝေခြင်းကိုခွင့်ပြုသည့် အဓိပ္ပါယ်သက်ရောက်စေသည့် ကြော်ငြာအထောက်အကူပြုပစ္စည်းများကို လက်ခံခြင်းမပြုရပါ။

**ကြီးကြပ်စစ်ဆေးရန် ဒုတိယအချက် - လုပ်ငန်းဆောင်ရွက်မည့်နည်းလမ်းများ**

- ငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီသည် တာဝန်ရှိဝန်ထမ်းများကို ရှင်းလင်းစွာဖော်ပြထားသောထုတ်လုပ်ရေး၊ စိစစ်ရေးမှစ၍ ဖြန့်ဝေရေးလုပ်ငန်းအထိပါဝင်သော လုပ်ငန်းဆောင်ရွက်ရန်နည်းလမ်းများကို ပြုစုထားရမည်။
- ထုတ်လုပ်ရေးလုပ်ငန်းအတွက် တာဝန်ခံအရာရှိသည် ကြော်ငြာရန် အထောက်အကူပြုပစ္စည်းများအဓိပ္ပါယ်သက်ရောက်သော လိုအပ်သည့်အချက်အလက်များ မကျန်ရှိစေခြင်းနှင့် မလိုအပ်သည့် အချက်အလက်များ မပါဝင်စေရန် တာဝန်ယူဆောင်ရွက်ရမည်။
- စစ်ဆေးရေးလုပ်ငန်းဆောင်ရွက်မည့် တာဝန်ခံအရာရှိသည် လုပ်ငန်းနှင့်ဆက်သွယ်သူများထံသို့သတင်းအချက်အလက်များ ဖြန့်ဝေခြင်းမပြုမီ ကြော်ငြာရန်အထောက်အကူပြု ပစ္စည်းများကိုစိစစ်ပြီး ဖြစ်ကြောင်းတာဝန်ခံရမည်။
- လိုအပ်သည့်အချက်အလက်များ အားလုံးသည် အချိန်ယူစစ်ဆေးပြီး ဖြစ်ရမည်။
- စိစစ်ရေးလုပ်ငန်းဆောင်ရွက်မည့် တာဝန်ခံအရာရှိသည် ကြော်ငြာရန်အထောက်အကူပြုပစ္စည်းများကို စိစစ်နိုင်သည့်အတွေ့အကြုံ ဗဟုသုတရှိသူ ဖြစ်ရမည်။
- သက်ဆိုင်ရာတာဝန်ခံများအားလုံးသည် လုပ်ငန်းအဆင့်များကို ကောင်းစွာသိရှိနားလည်ပြီးဖြစ်ရမည်။

**ကြီးကြပ်စစ်ဆေးရန် တတိယအချက် - ကြော်ငြာခြင်းဆိုင်ရာ လုပ်ဆောင်ချက်များ**

- ငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီတစ်ခုသည် ၎င်း၏လုပ်ငန်းအမည်၊ လုပ်ငန်းလိုင်စင်အမှတ်၊ အခကြေးငွေ၊ လုပ်ငန်းနှင့်ဆက်သွယ်ဆောင်ရွက်သူများအတွက် လျော်ကြေးနှင့် ရင်းနှီးမြှုပ်နှံမှု၏ ဆုံးရှုံးနိုင်သည့်အခြေအနေများအား ဖော်ပြရမည်။
- ငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီတစ်ခုသည် ၎င်း၏ကြော်ငြာချက်တွင် ကော်မရှင်မှအတည်ပြုထားသည့် အလားအလာညွှန်းတမ်းနှင့် ကိုက်ညီမှုမရှိသည့် အစုရှယ်ယာများအား ဖော်ပြခြင်းမပြုရ။
- ငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီတစ်ခုသည် ၎င်း၏ကြော်ငြာတွင် အမြတ်ရရှိနိုင်မှုအလားအလာနှင့် ပတ်သက်၍ သိသာသည့်အထင်အမြင်လွဲမှားမှုများကို ဖြစ်စေမည့်အချက် (သို့မဟုတ်) သိသာစွာ ဆန့်ကျင်မှုဖြစ်စေသည့် အချက်အလက်ဖော်ပြမှုများကို မပြုလုပ်ရ။